

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ မေလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ မေလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၃၆/၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၄ ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၄ ခုနှစ်၊ မေလ )

## မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |
| **မိန့်ခွန်းများ** | | |
| ၁။ | ပြည်ထောင်စုနယ်မြေ နေပြည်တော် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု” အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၁၁ |
| ၃။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၁၅ |
| ၄။ | အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၁၈ |
| ၅။ | ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၂၁ |
| ၆။ | ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ချောက်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၂၅ |

၇။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေလှောင်ကန်များ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၈
၈။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီး ဘုရား၊ စေတီများအား သွားရောက် ဖူးမြော် ကြည်ညိုစဉ် ပြောကြားသည့်အမှာစကား ၃၀
၉။ တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၃၂
၁၀။ စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၃၆
၁၁။ ပြင်ဦးလွင်မြို့သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၄၀

## သဝဏ်လွှာများ

၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၄၇

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဇလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု” အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၉ - ၅ - ၂၀၂၄ )





ပြည်ထောင်စုနယ်မြေ နေပြည်တော်“စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု” အခမ်းအနားကို မေလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမဥ္စကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်မောင်မယ်များ၊ လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီမောင်မယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများ၏ “ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့”တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်

မိမိတို့နိုင်ငံတွင် ပညာနှင့်ပတ်သက်၍ လိုအပ်ချက်များ ရှိနေခြင်းကြောင့် ပညာဗဟုသုတ ပြည့်စုံကြွယ်ဝရေး အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်များ၏ လုပ်ငန်းရပ်များ ပိုမိုတိုးတက်လာစေရန် ဧပြီလမှစတင်၍ လှုံ့ဆော်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားသည် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုကို လိုလား**

လူတိုင်းသည်ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားကြကြောင်း၊ ယခင်က စာတတ်မြောက်ရေးလှုပ်ရှားမှု ရုပ်ရှင်ဖြစ်သည့် “ဘယ်သူပြိုင်လို့ လုပါတော့နိုင်” ရုပ်ရှင်ကား၌ “အ” သုံးလုံး လှုပ်ရှားမှုမှတ်တမ်းတွင် သင်ယူသူများအနေဖြင့် စာတတ်မြောက်ရန်အတွက် စိတ်အားထက်သန်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ စာပေတတ်မြောက်မှုမရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှုစာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းအရ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်မှုရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက် အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များမွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်ပေါ်ကြွယ်ဝသည့် နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုအနေဖြင့်သာ ဖြေရှင်းဆောင်ရွက်နိုင်ကြသော်လည်း ပညာတတ်နည်းပါးသည့် နိုင်ငံများတွင် ပဋိပက္ခများဖြစ်ပေါ်နေမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝစေရေးအတွက် လူတိုင်းစာတတ်မြောက်ရေးကို ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ပညာတတ်များ ပေါ်ကြွယ်ဝရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေး လှုပ်ရှားမှုများကို မဖြစ်မနေအားပေးမြှင့်တင်ရန် လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် “စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု”

> မိမိတို့နိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက် အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင် အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင် တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသား အရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်မည်ဖြစ်၊ ပညာတတ် ပေါ်ကြွယ်ဝသည့် နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရ။

များကို ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးအခြေအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ပင် တန်းစဉ်ကူးပြောင်းမှုများသည် နှစ်စဉ်လျော့နည်းခဲ့သည်ကို အချက်အလက်များအရသိရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများသည် လျော့နည်းခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းခြင်းသည် နိုင်ငံအတွင်း ပညာတတ်ပေါကြွယ်ဝခြင်းကို ထိခိုက်စေလျက်ရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် မပါဝင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အသိပညာ အတတ်ပညာများ လေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ရွေးချယ်ဖတ်ရှုလေ့လာ**

စာဖတ်ရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက် သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုကြောင်း၊ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကို အကျိုးပြုနိုင်ကြောင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် အမှန်တကယ် အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ထားရှိနိုင်ရေးအတွက်လည်း တာဝန်ရှိသူများမှ ကြိုးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း။

စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့် စာပေအထိဖတ်ရှုရန်လိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့မှ သုတ၊ ရသ စာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး၏ လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့် အသိပညာဒါန အလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာ အထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

**တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့**

မိမိတို့စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City ၊ Clean City ၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ် တည်ဆောက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

**စာဖတ်ရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည် ဖြစ်သော်လည်း အဆိပ်အတောက် သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လို၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လို။**

စံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"များကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလှုပ်ရှားမှုတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၁၁ - ၅ - ၂၀၂၄ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မေလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝပြီး စစ်ရေးအသိ၊ စစ်ရေးသတိအမြဲရှိရန်**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရေးအတွက် တပ်မတော်သား တစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့် အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေး

သတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

**ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ကြရန်လို**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ဒေသတစ်ခုဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများက ယခင်ကတည်းကပင် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားသုံးမှု ဖူလုံရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ နယ်မြေခံတပ်များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးနှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးတို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသနှင့် ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ နယ်မြေခံတပ်များ အနေဖြင့်လည်း မိမိတို့တပ်များအလိုက် နယ်မြေဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ရေရှည်ကိုမျှော်တွေး၍ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ မည်သည့် အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်းလိုက်ပါ လုပ်ဆောင်နိုင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

> ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ဒေသတစ်ခုဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများက ယခင်ကတည်းကပင် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားသုံးမှု ဖူလုံရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း နယ်မြေခံတပ်များအနေဖြင့်လည်း မိမိတို့ တပ်များအလိုက် နယ်မြေဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ကြိုတင် မျှော်တွေး၍ ဆောင်ရွက်ကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ရေရှည်ကို မျှော်တွေး၍ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလို၊ စစ်သည် တစ်ဦးချင်းစီအလိုက် အမြဲတမ်းတိုက်ပွဲဝင် အသင့် (Fit for Fight)ဖြစ်စေရေးအတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေရမည်ဖြစ်။

**တိုက်ပွဲဝင်အသင့်ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်လက်နက်နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်မျှော်တွေး ပြင်ဆင်၍ လိုအပ်ချက်မှန်သမျှကို ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight)ဖြစ်စေရေး အတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်များအားလုံး ကျန်းမာရေး ကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းရေး၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများ အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် ၎င်းတို့၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းအပေါ် မူတည်၍ သင့်လျော်သည့် လုပ်ငန်းတာဝန်များကို နေရာ

မှန်တာဝန်ပေးအပ်ပြီး တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

**စည်းကမ်းစနစ်တကျရှိပြီး မိမိကိုယ်ကိုယ် ထိန်းသိမ်းနေထိုင်ကြရန်လို**

တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီနေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကိုရှောင်ကြဉ်ကြရန်လိုကြောင်း၊အသောက်အစားအပျော်အပါးများကြောင့် မိမိတို့ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့်မိမိတို့၏မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီအသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တတ်စွမ်းသရွေ့ဖြည့်ဆည်းပေးလျက်ရှိ**

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများအရ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေရသည့် တပ်များမှ စစ်သည်များနှင့်မိသားစုဝင်များအတွက်လည်း ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် လိုအပ်သည့် သက်သာချောင်ချိရေးကိစ္စရပ်များကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

**တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေး**

တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းအပ်နှံရေးရက်သတ္တပတ်သို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိသားစုဝင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကောင်းမွန်မှသာလျှင် ၎င်းတို့၏ဘဝတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ကျောင်းနေအရွယ်မှစ၍ အဆင့်မြင့်တက္ကသိုလ်ပညာအထိ သင်ယူနိုင်ရေး မိဘများမှ အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးကာ ၎င်းတို့ဘဝအတွက် မှန်ကန်ကောင်းမွန်သည့် လမ်းကြောင်းမှန်ကို ညွှန်ပြပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းမှသင်ကြားပေးသည့် ပညာရပ်

> မိမိတို့ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် မိမိတို့၏မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်၊ တစ်ဦးချင်း ကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်၊ ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့်အားဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန်လို။

များအပြင် အခြားအသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက်လည်း မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ ကလေးငယ်များကိုလည်း စာကောင်းပေမွန်များ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ဖြစ်ပေါ်လာအောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း။

**တပ်တွင်းစည်းလုံးညီညွတ်ရေးဖြင့် စုစည်းညီညွတ်သည့်အားကို တည်ဆောက်**

ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့်အားဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

**တိုင်းစစ်ဌာနချုပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်လို**

စပါးနှင့်ပြောင်းများစိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် စိုက်ပျိုး၍ တစ်ဧကအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စားရေးကို အဓိကအထောက်အကူပြုစေမည့် သီးနှံပင်များကိုသာ ဦးစားပေးအဖြစ် စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ တပ်မိသားစုများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် သီးနှံများစိုက်ပျိုးစေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကြက်များမွေးမြူရာတွင်လည်း ဒေသကြက်များကိုလည်း အောင်မြင်စွာ မွေးမြူနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အကျိုးအမြတ်အတွက်မဟုတ်ဘဲ တပ်မတော်သား မိသားစုဝင်များ သက်သာချောင်ချိစေရေးနှင့် စားရေးအတွက် အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၁၂ - ၅ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအား ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

**တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြား ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ထွက်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက် ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာ တိုက်ဖျက်တားဆီးခဲ့ကြ ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက် ခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် နယ်မြေ ဒေသမတည်မငြိမ်မှုများကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ် မှုများနှင့် ရောင်းဝယ်မှုများသည် အမြစ်ပြတ် ပပျောက်မှု မရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများ မရှိစေရေး တားဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေး လိမ်လည်မှုလုပ်ငန်း

များကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး**

စီးပွားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အနေဖြင့် ထုတ်ကုန်ပစ္စည်းများ ရရှိစေရေး မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရရှိအောင် ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်အောင်ရေနှင့် သွင်းအားစုများ ပြည့်မီစွာရရှိရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

> ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများ မရှိစေရေး တားဆီးဆောင်ရွက်ကြရမည်ဖြစ်၊ အလားတူ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေး လိမ်လည်မှုလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်း တိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်၊ ကျိုင်းတုံဒေသသည် ခရီးသွားလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွား လုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လို။

**လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သဖြင့် ပညာရေးအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကျိုင်းတုံဒေသတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသတစ်ခုဖြစ်ပြီး ယခင်ကတည်းကပင် အားပေးဆောင်ရွက်နေရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရေးကို အလေးထားသင်ယူကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘများမှလည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုပညာ ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကိုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက် သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျန်းမာရေး၊ အိုင်တီ၊ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ကျောင်းမှ သင်ကြားပေးသည့်ပညာရပ်များသာမက အခြားအသိပညာ

ဗဟုသုတများ ရရှိစေရေးအတွက်လည်း စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့် စာကြည့်တိုက်များ တိုးချဲ့ပေးနိုင်ရေး၊ စာအုပ်စာစောင်များ ရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် ခရီးသွားလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် ရေမြေတောတောင်သဘာဝနှင့် ရှေးဟောင်းအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၁ - ၅ - ၂၀၂၄ )





ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ သို့မှသာလျှင် အဆိုးအကောင်း၊ အကျိုးအကြောင်း ခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများ ဖြစ်လာကြမည်ပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်းစီ၏ မှတ်တမ်းကောင်းပုံရိပ်များသည် မိမိတို့၏ မိဘဆွေမျိုးဂုဏ်ကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ကျောင်း၊ ရပ်ရွာမှသည် နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ မှတ်ကျောက်များပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြား

ထားသည့် ဥ‌ဒေ့သည်တော်ကြီးများ တက်ရောက်ကြသည်။

**လေ့လာဆည်းပူးခဲ့ကြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပညာသင်နှစ်တစ်နှစ်တာပြီးဆုံးပြီး မိမိတို့ရရှိသည့် နွေရာသီ ကျောင်းပိတ်ရက် အားလပ်ချိန်များကို အလဟဿမဖြစ်စေဘဲ မိမိကိုယ်တိုင်အတွက်လည်း အကျိုးရှိ၊နိုင်ငံတော်အတွက်လည်း အထောက်အကူဖြစ်စေသည့် ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ပညာရပ်များကို သင်တန်းကာလအတွင်း လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံတော်တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရေကြောင်း၊ လေကြောင်း ပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကို တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်မောင်မယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံပြီး ဂုဏ်ပြု အမှာစကားပြောကြားရသည့်အတွက် များစွာဝမ်းသာပီတိဖြစ်ရသည်ကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ရှေးယခင်ကတည်းက ရေကြောင်း၊ လေကြောင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အစဉ်အလာများရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှစတင်ပြီး ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းများကို အခြေခံနှင့် တန်းမြင့်ဟူ၍ ခွဲခြားသတ်မှတ်ကာ ကျောင်းသား/ကျောင်းသူ လူငယ်မောင်မယ်များကို အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူး နိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတစ်ဝန်းတွင် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေရခြင်းဖြစ်ကြောင်း။

**များစွာဂုဏ်ယူ**

ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းအသီးသီး စတင်ဖွင့်လှစ်သင်ကြားပေးချိန်မှ ယနေ့ကာလတိုင်အောင် တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်သင်တန်းတက်ရောက်သူ အင်အားအရေအတွက် တိုးတက်လာသည်ကို တွေ့ရခြင်းကြောင့် မျိုးဆက်သစ်မောင်မယ်တို့၏ စိတ်ပါဝင်စားမှုအပေါ် များစွာဂုဏ်ယူမိကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏ ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာ စိုးမိုးထားနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ကာကွယ်ရေးစွမ်းအား အပြည့်အဝရရှိခြင်းနှင့်အတူ တိုင်းပြည်၏ အချုပ်အခြာအာဏာကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုသင်တန်းတွင်တွေ့ဆုံခဲ့ရသည့် တိုင်းရင်းသားညီနောင် အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး နောင်တစ်ချိန်တွင် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း တာဝန်များကို လက်တွဲညီညီဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းကာလ ရက်သတ္တ လေးပတ်တာအတွင်း၌ သိသင့်သိထိုက်သည့် ရေကြောင်း၊ လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီးဖြစ်ကြောင်း၊ စစ်ရေးပြဘာသာရပ်သည် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်ခြင်းတို့ကို ဖြစ်ပေါ်စေခြင်းကြောင့် ယခုကဲ့သို့ သင်တန်းများတွင် ထည့်သွင်းသင်ကြားပေး

**မိမိတို့ မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏ ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာ စိုးမိုးထားနိုင်ရန် လိုအပ်။**

> သင်တန်းကာလ ရက်သတ္တ လေးပတ်တာ အတွင်း၌ သိသင့်သိထိုက်သည့် ရေကြောင်း၊ လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြ ဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီးဖြစ်၊ စစ်ရေးပြဘာသာရပ်သည် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် အချင်းချင်းပူးပေါင်း ဆောင်ရွက်တတ်ခြင်းတို့ကို ဖြစ်ပေါ်စေခြင်းကြောင့် ယခုကဲ့သို့ သင်တန်းများတွင် ထည့်သွင်းသင်ကြားပေးရခြင်းဖြစ်၊ နွေရာသီအားလပ်ရက်များကို အကျိုးမဲ့ မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်းတက်ရောက်ခဲ့ခြင်းကြောင့် ရရှိသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမ အချင်းချင်း ခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်လို။

ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် **"နိုင်ငံတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်း"**ကိုပါ ပို့ချပေးခဲ့ခြင်းကြောင့် သမိုင်းကြောင်းအမှန်များကိုသိရှိပြီး တိုင်းချစ်ပြည်ချစ်စိတ်များ ထက်သန်ကာ တိုင်းပြည်၏ ဂုဏ်ကို မြှင့်တင်ပေးလိုသည့်သူ၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းလိုသူများဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝ နှလုံးလှသည့် လူငယ်များ၏ အားကသာလျှင် နိုင်ငံတော်ကို ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်နေ**

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးကဏ္ဍ မြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေသည့်အပြင် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အနာဂတ်နိုင်ငံတော်အရေး မျှော်မှန်းပြီး ပြည်ပနိုင်ငံများမှာ ပညာတော်သင်များအဖြစ် စေလွှတ်လျက်ရှိကြောင်း၊ **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟူသည့် အချက်ကို လူမှုရေးဦးတည်ချက်၌ ချမှတ်ထားပြီး လူငယ်များ၏ ပညာရေး၊ လူမှုရေး၊ အမျိုးသားရေး၊ စာရိတ္တမဏ္ဍိုင်မြင့်မားရေးလုပ်ငန်းများကို မိမိတို့ နိုင်ငံတော်တာဝန်ယူထားချိန်မှစပြီး အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် တိုင်းပြည်ချစ်စိတ်များနှင့်အတူ ကိုယ်စီရှိထားသည့် ကိုယ်ကျင့်စာရိတ္တကောင်းများကို မပျောက်ပျက်စေဘဲ မြင့်သထက်မြင့်အောင်ကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံတော်ကြီးသည် လူသားအရင်းအမြစ်ကောင်းများ၏ အားများနှင့် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နွေရာသီအားလပ်ရက်များကို အကျိုးမဲ့ မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်းတက်ရောက်ခဲ့ခြင်းကြောင့် ရရှိသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်း ရတနာများဖြစ်အောင် ဆက်လက် ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၄ - ၅ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မေလ ၂၄ ရက်နေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဇုန်တွင်ပါဝင်ပြီး ယခုနှစ်တွင် ရာသီဥတုသည် သိသိသာသာ ပိုမိုပူပြင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များ စာရင်းအတွင်း၌ ပါဝင်သည်ကိုတွေ့ရကြောင်း၊ အပူရှိန် လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင် အနည်းဆုံး နှစ်ဧက စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အိမ်ဝင်း၊ လမ်းဘေးများတွင်လည်း စိုက်ရန်လိုကြောင်း၊ မြို့၊ ရွာများအလိုက် သစ်တောသစ်ပင် စိုက်ပျိုးရန်မြေနေရာများကို စိစစ်ဖော်ထုတ်ရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းသာမက အခြားဝန်ကြီးဌာနများနှင့်ဒေသခံပြည်သူလူထုတို့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်လျှော့ချရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် ရာသီဥတုပြင်းထန်သည့် ကာလများ၌ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး အားနည်းသူများအနေဖြင့် အပူဒဏ်ရှောင်နိုင်ရေးအတွက် အပူဒဏ်ကို ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ဆောင်ရွက်နိုင်ကြောင်း၊ ဥပမာအားဖြင့် လူဦးရေ အများအပြား ဝင်ရောက်နိုင်ပြီး အေးချမ်းစွာ

ခေတ္တနားခိုနိုင်မည့် အတွင်းလိုဏ်ပါ စေတီပုထိုးများ တည်ထားကိုးကွယ်ခြင်းအားဖြင့် ကုသိုလ်လည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ နေရောင်ခြည်ကို အသုံးချ၍ ဆိုလာစွမ်းအင်သုံး လေအေးပေးစနစ်များ တပ်ဆင်ခြင်းဖြင့်လည်း အပူဒဏ်ကို ကျော်လွှားနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး**

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့်လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင် နိုင်ငံရေးနှင့် ကာကွယ်ရေး မောင်းနှင်အားများလည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း။

> မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များ စာရင်းအတွင်း၌ ပါဝင်သည်ကိုတွေ့ရ၊ အပူရှိန် လျှော့ချရေးနှင့် ရာသီဥတု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင် ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင် အနည်းဆုံး နှစ်ကေ စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ရန်လို၊ မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် အရင်းအမြစ် များစွာရှိပြီး ဝါ၊ မြေပဲနှင့် နှမ်းတို့ကို အဓိကထား စိုက်ပျိုးကြသည်ကို တွေ့ရှိရ။

မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာရှိပြီး ဝါ၊ မြေပဲနှင့် နှမ်းတို့ကို အဓိကထား စိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးထပ်စွမ်းအားနှင့် သီးညှပ်စွမ်းအားဟူ၍ရှိကြောင်း၊ သီးထပ်စွမ်းအားသည် စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်စေကြောင်း၊ စပါးစိုက်ပျိုးသည့် လယ်မြေများ၌ သီးထပ်စွမ်းအားများကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ကြရန်လိုပြီး အထွက်နှုန်း တိုးတက်စေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာ ထည့်သွင်းရန်၊ စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုကြောင်း၊ စိုက်ပျိုးမြေများ ရေရရှိရေးအတွက် ရှိပြီးဖြစ်သည့် ဧရာဝတီမြစ်ကိုလည်း စနစ်တကျဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဒေသအလိုက်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် ဧရာဝတီမြစ်ဘေးနေရာများ၌ရှိရာ ဧရာဝတီမြစ်ရေကို အခြေခံသည့် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံ အထွက်နှုန်းနှင့်ပတ်သက်၍လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီးအနေဖြင့် ဆီထွက်သီးနှံမှရရှိသည့် ဝင်ငွေများစွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း အားပေးဆောင်ရွက်ကြရန်လိုပြီး ဝါထွက်ကုန်ကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သီးနှံများ စိုက်ပျိုးမှုကို Crop Pattern ဖြင့် ဆောင်ရွက်နိုင်သဖြင့် တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မကွေးတိုင်းဒေသကြီးအတွင်း အောင်မြင်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးကိုလည်း ဆောင်ရွက်နိုင်ပြီး မကွေးတိုင်းဒေသကြီးအတွင်းမွေးမြူသည့် ထိန်စန်းဆိတ်မျိုးသည် အသားထွက်နှုန်းကောင်းမွန်သည်ကို တွေ့ရကြောင်း၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ရာတွင် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားရေးနှင့် အသိပညာပေါကြွယ်ဝစေရေး**

မကွေးတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုများ အားနည်းပြီး အတန်းပညာတတ်မြောက်မှုများ အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေမှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဒေသ၏ အနာဂတ်ကောင်းမွန်စေရေးအတွက် ပညာရေးကို အလေးပေးဆောင်ရွက်ကြစေလိုပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင် ပညာရေးသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဃာတ တရားများ၊ အငြိုးအတေးများ မရှိစေရေးအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးအတွက်လည်း အားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်ရေးကိုလည်း ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိခြင်းသည် ဒေသအလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာဖြစ်သဖြင့် ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ကလေးငယ်များ၏ အနာဂတ်ကောင်းမွန်ရေးအတွက် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

အသိပညာ၊ အတတ်ပညာများ ကြွယ်ဝသည့် ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အသိပညာအားနည်းပါက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက် စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်

**ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီးအနေဖြင့် ဆီထွက်သီးနှံမှရရှိသည့် ဝင်ငွေများစွာ ရရှိလာနိုင်မည်ဖြစ်၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း မကွေးတိုင်းဒေသကြီး အတွင်း အောင်မြင်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို၊ ဒေသတွင်းဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေး ကိုလည်း ဆောင်ရွက်နိုင်ပြီး မကွေးတိုင်း ဒေသကြီးအတွင်းမွေးမြူသည့် ထိန်စန်းဆိတ်မျိုးသည် အသားထွက်နှုန်း ကောင်းမွန်သည်ကို တွေ့ရ၊ ယခုအခါ ပြည်သူ့ စစ်မှုထမ်းဥပဒေကို စတင် အာဏာတည်စေခဲ့ပြီးဖြစ်၊ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ် သည့် ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ် စောင့်ရှောက်ရန်ဖြစ်ပြီး လက်ရှိတွင် စတင်လည်ပတ်နေပြီဖြစ်။**

နိုင်ငံတော်အနေဖြင့် ကျောင်းနေပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာများ တိုးပွားစေရေးအတွက်လည်း နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိပြီး ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကကျကြောင်း၊ အနည်းဆုံး အလယ်တန်းကျောင်းများအားလုံး၊ ကျေးရွာအုပ်စုများ အားလုံး၌ စာကြည့်တိုက်ထားရှိနိုင်ရေး မူဝါဒချမှတ်ပေးထားပြီး တတ်နိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

**ဒေသနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး**

ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးစနစ်ကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိန်းကျောင်း၍ အသိတရား၊ သတိတရားများဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်မှသာလျှင် ဒေသအလိုက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အာဏာတည်စေခဲ့ပြီးဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး လက်ရှိတွင် စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ သတ်မှတ်အသက်အရွယ်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ဥပဒေကို သေချာစွာ လေ့လာခြင်းမရှိဘဲ အခြေအမြစ်မရှိသည့် သတင်းမှားများ၊ ထင်မြင်သုံးသပ်ချက်များအပေါ်တွင် အခြေခံ၍ သွေးထိုးလှုံ့ဆော်နေသည်များ ရှိသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင်သိရှိနားလည်ရန် လိုအပ်ပြီး ပြည်သူများ အသိအမြင်မှန်များ ရရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

အချုပ်အားဖြင့်ဆိုရပါက မကွေးတိုင်းဒေသကြီး အနေဖြင့် ရေဝတီမြစ်ကို အခြေခံ၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ကို ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်စေရေး ရှိပြီးသား အခြေခံကောင်းများကို အသုံးချ၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ချောက်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည့် အမှာစကား

( ၂၅ - ၅ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ရှိ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ချောက်မြို့နယ်နှင့်ကားလမ်း ဘေးဝဲယာများတစ်လျှောက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေး နိုင်ငံတော်မှလည်း အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများအနေဖြင့် မိမိတို့၏ အိမ်ခြံဝန်းအတွင်းနှင့် ပတ်ဝန်းကျင်များတွင်လည်း သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း၊ ရောဝတီမြစ်ရေတင် စီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်၍ ရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထုတ်ကုန်တိုးမြှင့်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း၊ အဓိကအားဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားရေးအရ အောင်မြင်ရန်အတွက် အခြေခံလိုအပ်ချက်မှာ ပညာရည် မြင့်မားရေးပင်ဖြစ်ကြောင်း၊ ချောက်ဒေသအတွင်း၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် အဓိက လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကိုကောင်းမွန်စွာပြုပြင်ရေး၊ အောင်ရေကောင်းမွန်စွာ ရရှိရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ချောက်ဒေသအတွင်း၌ ယာစိုက်ပျိုးမှု ပိုမိုများပြားသည်ကို တွေ့ရှိရသဖြင့် မြေပြုပြင်

မှုများကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများကို နိုင်ငံအတွင်းထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပမှလည်း တင်သွင်းပေးလျက်ရှိကြောင်း၊ အလားတူ မြေဆွေး၊ မြေဩဇာများနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သဖြင့် အကျိုးရှိရှိဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသအတွင်း စားရေးကိုတိုက်ရိုက် အထောက်အကူပြုစေမည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းစားသုံးမှုမှ ပိုလျှံလာသည့် အသား၊ ငါး၊ ဥများကို ဘုရားဖူးဧည့်သည် အများအပြားလာရောက်သည့် ပုဂံဒေသအပါအဝင် အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဒေသ၏ လူမှုစီးပွားဘဝသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်လိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဒေသမှကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးပင်ဖြစ်၊ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးကောင်းမျိုးသန့် ရရှိရေး၊ မြေကို ကောင်းမွန်စွာပြုပြင်ရေး၊ အောင်ရေ ကောင်းမွန်စွာ ရရှိရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်ရန် လိုအပ်မည်ဖြစ်၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသအတွင်း စားရေးကိုတိုက်ရိုက် အထောက်အကူပြုစေမည့် မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လို၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်လိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဒေသမှကြိုးပမ်းဆောင်ရွက်သွား ကြရမည်ဖြစ်။

**အတတ်ပညာပေါ်ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်**

ချောက်နယ်မြေသည် ရေနံထုတ်လုပ်မှုမှ စက်မှုအခြေခံကောင်းခဲ့သည့် ဒေသတစ်ခုဖြစ်ခဲ့ပြီး အစဉ်အလာကောင်းရှိသည့် ဒေသဖြစ်သဖြင့် လက်ရှိအချိန်တွင်လည်း MSME စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ MSME လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာ အတတ်ပညာများ ပေါ်ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအတွင်း ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုပြီး ချောက်ခရိုင်သည် ပညာရေးနှင့် ပတ်သက်၍ အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ အများစုမှာ မူလတန်းပညာကိုသာ တတ်မြောက်ကြသူများဖြစ်သဖြင့် ပညာတတ်များ ပေါ်ကြွယ်ဝလာအောင် ဆောင်ရွက်ပေးမှသာလျှင် ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ချောက်ဒေသတွင် ရှိပြီးသားဖြစ်သည့် ပညာရေးနှင့် ပတ်သက်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ပညာရေးကို ကောင်းစွာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးကောင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် အာဟာရပြည့်ဝသည့် အစားအသောက်များနှင့် နေထိုင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အသိပညာများရှိမှသာ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ နယ်မြေ ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုအနေဖြင့် စနစ်တကျနေထိုင်လုပ်ကိုင်ဆောင်ရွက်နေရန်လိုပြီး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

ရာသီဥတုနှင့်ပတ်သက်၍ ချောက်မြို့နယ်သည် ရာသီဥတုပူပြင်းသည့် ဒေသဖြစ်ကြောင်း၊ ရာသီဥတု ပြင်းထန်သည့်ကာလများ၌ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေး ကောင်းမွန်မှု မရှိသူများအတွက် အပူရှောင် ခိုနားနိုင်မည့် အဆောက်အအုံကြီးများ တည်ဆောက် နိုင်ရန်လိုကြောင်း၊ ဥပမာအားဖြင့် အတွင်းလိုဏ်ပါသည့် ဘုရားစေတီများနှင့် ဂန္ဓကုဋိတိုက်များကို တည်ထား ဆောက်ရွက်မည်ဆိုပါက ဘုရားရိပ် တရားရိပ်အောက်တွင် အပူဒဏ်ကို ရှောင်နိုင်မည်ဖြစ်ပြီး ကုသိုလ်လည်း ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဒေသ၏ အထိမ်းအမှတ် ဘာသာရေး အဆောက်အအုံများလည်း ဖြစ်လာနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်သင့်ကြောင်း၊ ထို့ကြောင့် အပူပိုင်းဇုန် ဒေသများ၌ လှူဒါန်းရေအများအပြား ဝင်ဆံ့ခိုနားနိုင်မည့် အတွင်းလိုဏ်ပါ ရွှေတိဂုံစေတီတော်ပုံတူစေတီ၊ စွယ်တော် စေတီတော်ပုံတူစေတီတို့ကို တာဝန်ရှိသူများ၊ အလှူရှင် များစုပေါင်း၍ တည်ထားကိုးကွယ်နိုင်ရေး စဉ်းစားနိုင် ကြောင်း ပြောကြားသည်။

■ ■ ■

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေလှောင်ကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၅ - ၅ - ၂၀၂၄ )





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေလ ၂၅ ရက်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်မှု မရှိစေရေး ရှေးဟောင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရေလှောင်တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး တာတမံများ၏ ခံနိုင်ရည်စံနှုန်းအရည်အသွေး စစ်ဆေးခြင်းများကို အဆင့်အလိုက် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်တာ တမံများကိုသာမက ရေဝင်ရေထွက်မြောင်းများကိုလည်း ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရန် လိုအပ်သည့်အတွက် ရေလှောင်တမံများ၊ ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာတစ်လျှောက်လမ်းကြောင်းများအတွင်း ရေကြောင်း ပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အသေးစိတ်လေ့လာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေသည် အထက်မှအောက်သို့သာ စီးဆင်းတတ်သည့် သဘောသဘာဝဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်းများ၌ ရေဝင်ထွက်မှုကောင်းအောင် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ မိုးရွာသွန်းမှုများပြားပါက ရှေးဟောင်းဘုရားစေတီပုထိုးများအတွင်းသို့ ရေစိမ့်ဝင်မှု များပြားလာပြီး ရှေးဟောင်းအမွေအနှစ်များကို အနည်းနှင့်အများ ထိခိုက်ပျက်စီးလာစေနိုင်ကြောင်း၊ ထို့ကြောင့် ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေးအဓိကထားဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**ရွာဟောင်းကြီးကန်နှင့် ရေတော်မုနိကန်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ပုဂံဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝ

> ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ
> အတွင်း၌ တန်ဖိုးမဖြတ်နိုင်သည့်
> ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ
> အမြောက်အမြားရှိသည့်အတွက်
> ကြည့်ရှုလေ့လာသူများ၏ မဆင်မခြင်
> လုပ်ရပ်များနှင့် သဘာဝဘေးဒဏ်တို့ကြောင့်
> ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး
> စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်
> မိမိတို့အနေဖြင့် တာဝန်ရှိ၊
> သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
> လုပ်ငန်းများ၊ ရှေးဟောင်းယဉ်ကျေးမှု
> နယ်မြေအတွင်း စိုက်ပျိုးမြေ သုံးစွဲမှု
> အပါအဝင် အခြားမြေ အသုံးချမှုများ
> စနစ်တကျရှိစေရေး တာဝန်ရှိသူများ
> အနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လို၊
> အညာဒေသ၏ အငွေ့အသက်များ
> လျော့နည်းပပျောက်မှု မရှိစေရေးအတွက်
> စိုက်ပျိုးမြေများ၊ ဥယျာဉ်ခြံမြေများ၏
> ခြံစည်းရိုး အနားသတ်များတွင် ထန်း၊
> မန်ကျည်း၊ တမာနှင့် ထနောင်းတို့ကဲ့သို့သော
> အညာဒေသနှင့်ကိုက်ညီသည့် အပင်များ
> စိုက်ပျိုးကြရန်လို။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအား စီမံချက်ချ၍ ဆောင်ရွက်စဉ် ယခုကဲ့သို့ ရှေးဟောင်းအမွေအနှစ်များ ပေါ်ထွက်လာခြင်းသည်အဖိုးမဖြတ်နိုင်သည့်အကျိုးအမြတ်တစ်ခုပင်ဖြစ်ကြောင်း၊ ပေါ်ထွက်လာသည့် အုတ်ရိုးနမူနာအချို့အား အမျိုးအစားခွဲ၍ စနစ်တကျ ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မိုးတွင်းကာလသို့ ရောက်ရှိပါက တူးဖော်ရေးလုပ်ငန်း ဧရိယာအတွင်းသို့ ရေများဝင်ရောက်မှု မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်း မှာကြားသည်။

ထိုကဲ့သို့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း၌ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ အမြောက်အမြားရှိသည့်အတွက် ကြည့်ရှုလေ့လာသူများ၏ မဆင်မခြင်လုပ်ရပ်များနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် မိမိတို့အနေဖြင့် တာဝန်ရှိကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စိုက်ပျိုးမြေ သုံးစွဲမှုအပါအဝင် အခြားမြေအသုံးချမှုများ စနစ်တကျရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေများနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ အညာဒေသ၏ အငွေ့အသက်များ လျော့နည်းပပျောက်မှု မရှိစေရေးအတွက် စိုက်ပျိုးမြေများ၊ ဥယျာဉ်ခြံမြေများ၏ ခြံစည်းရိုး အနားသတ်များတွင် ထန်း၊ မန်ကျည်း၊ တမာနှင့် ထနောင်းတို့ကဲ့သို့သော အညာဒေသနှင့်ကိုက်ညီသည့် အပင်များ စိုက်ပျိုးကြရန်လိုကြောင်း၊ ဧရိယာကျယ်ဝန်းသည့် စိုက်ခင်းများအတွင်း၌လည်း အရိပ်ရအပင်များအဖြစ် တမာနှင့် မန်ကျည်းပင်များကိုစိုက်ပျိုးနိုင်ကြောင်း၊ တည်ငြိမ်အေးချမ်းပြီး စိမ်းလန်းစိုပြည် သာယာလှပမည်ဆိုပါက ခရီးသွားဧည့်သည်များ များပြားလာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ပိုမိုတိုးတက် ဖွံ့ဖြိုးလာနိုင်မည် ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

■ ■ ■

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြည်ညိုစဉ် ပြောကြားသည့်အမှာစကား

( ၂၆ - ၅ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှေးဟောင်းအမွေအနှစ်လက်ရာများကို ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စေတီတော်ကြီး ရင်ပြင်တော်တွင် ခင်းကျင်းထားသည့် ကျောက်ပြားများ၏ အချို့နေရာများသည် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်မှုများ ဖြစ်ပေါ်နိုင်သဖြင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုကြောင်း၊ စေတီတော်မြတ်ကြီးရှိ ငါးရာ့ငါးဆယ် ဇာတ်တော်စဉ့်ကွင်းများ၊ ကျောက်သပိတ်တော်ကြီးများ၊ သုဓမ္မာဇရပ်များရှိ မြန်မာ့ဗိသုကာပညာရပ် အမွေအနှစ်များကို ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ မူလလက်ရာမပျက် ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်

ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စေတီတော်မြတ်ကြီး၏ အရပ်လေးမျက်နှာရှိ ကြေးဂူတိုက် လေးခုအတွင်း တည်ထားပူဇော်ထားရှိသည့် ဥဏ်ာတော် ၁၂ ပေရှိ ရုပ်တော်မူကြေးဆင်းတုတော်များသည် ပုဂံခေတ် ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ဟန် ပီပြင်တင့်တယ်တော်မူပြီး သာမန်ကြေးသွန်းထားခြင်း မဟုတ်ဘဲ အတွင်းမှ ဖောင်းထုတ်ပုံဖော်စေသည့် “ကြေးခတ်” လက်ရာဖြစ်သဖြင့် ရှေးဟောင်းအနုပညာလက်ရာ ခေတ်မီထွန်းကားခဲ့ပုံကို သိမြင်စေနိုင်ကြောင်း၊ ထို့ကြောင့် သမိုင်းတန်ဖိုး လွန်စွာကြီးမားလှသည့် ရှေးဟောင်းအနုပညာလက်ရာများအား ဘုရားဖူးလာ ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ အလွယ်တကူ ဖတ်မှတ်သိရှိ၍ ကြည်ညိုသပ္ပါယ်တန်ဖိုးထားနိုင် ရေးသားဖော်ပြလိုကြောင်း မှာကြားသည်။

■ ■ ■

# တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိက အရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၉ - ၅ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မေလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**တပ်မတော်သားပီသအောင် နေထိုင်ကျင့်ကြံဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်နည်းပညာတက္ကသိုလ်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် အင်ဂျင်နီယာ အရာရှိများကို မွေးထုတ်ပေးနေသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ အင်ဂျင်နီယာ ပညာရပ်များအပြင် စစ်အခြေခံပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် တပ်ဖွဲ့အမျိုးအစားအလိုက် ကွဲပြားခြားနားမှုရှိသော်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များအလိုက် ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦး ဖြစ်လာသည့်အခါတွင် တပ်မတော်သားပီသအောင် နေထိုင်ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် စည်းကမ်း

နှင့်အညီ ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထုတ်ပြန်ထားသည့် အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအလိုက်တာဝန်ထမ်းဆောင်မှုများဆောင်ရွက်ရာတွင်ကွဲပြားခြားနားမှုမရှိဘဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာပြီး တပ်မတော်သားကောင်းပီသအောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားရန်လိုကြောင်း။

**စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ရ**

အင်ဂျင်နီယာကောင်းတစ်ယောက်သည်အင်ဂျင်နီယာပညာဒဿန( Engineering Philosophy) ရှိရန်လိုပြီး Engineering Philosophy သည် အင်ဂျင်နီယာ နည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှသော်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့ အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကို ရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိဆောင်ရွက်ရမည့်လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်မည်ကိုစဉ်းစားတွေးခေါ်ဆောင်ရွက်ရန်လိုပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့် သက်ဆိုင်သည်များကို အမြဲမပြတ် လေ့လာရန်လိုကြောင်း၊ အင်ဂျင်နီယာပညာရပ်တွင် ပညာရပ်မျိုးစုံရှိသော်လည်း အခြေခံအားဖြင့်

> **တပ်မတော်နည်းပညာတက္ကသိုလ်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် အင်ဂျင်နီယာ အရာရှိများကို မွေးထုတ်ပေးနေသည့် တက္ကသိုလ်တစ်ခုဖြစ်၊ တပ်မတော်သည် စည်းကမ်းနှင့်အညီ ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထုတ်ပြန်ထားသည့် အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်။**

တူညီမှုများရှိကြောင်း၊ နည်းပညာနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်နေသူတစ်ဦးအနေဖြင့် အခြေခံမှစ၍ ဘာသာရပ်များအလိုက် ကျွမ်းကျင်တတ်မြောက်နေရန်လိုကြောင်း၊ တပ်မတော်က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းကျောင်းများ၊ တက္ကသိုလ်များအားလုံးတွင် နည်းပြနှင့် သင်တန်းသားအချိုးကို တွက်ချက်၍ သင်ကြားပေးလျက်ရှိပြီး တပ်မတော် နည်းပညာတက္ကသိုလ်တွင်လည်း ဘာသာရပ်များကို ထိထိရောက်ရောက်သင်ကြားနိုင်ရန်အတွက် နည်းပြနှင့် သင်တန်းသားအချိုးကို အဓိကကျသည့် စနစ်တကျခွဲဝေပေးထားပြီးဖြစ်သဖြင့် ထူးချွန်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးဝင်သည့် အရာရှိကောင်းများ ဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန်လိုကြောင်း။

သင်တန်းသားများအနေဖြင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်းအရာရှိများဖြစ်လာစေရေး သင်တန်းတက်ရောက်စဉ်ကာလပတ်လုံး စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူအခြေခံလေ့ကျင့်ရေးများ ဆောင်ရွက်ရာတွင် လေ့ကျင့်သားပြည့်ဝရန်အတွက် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက် ဖြစ်လာစေရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းရန်၊ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ "ချွေးထွက်များမှ သွေးထွက်နည်းမည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်နေရသည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်လိုက်နာ၍ လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထွေထွေဗဟုသုတများ ပြည့်စုံစေရေးအတွက်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း။

**အခြေခံစိတ်ဓာတ်သည်အရေးကြီး**

သင်တန်းသားများအနေဖြင့် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ တပ်မတော်အတွင်းသို့ မိမိတို့သဘောဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကိုယ် အားကိုးသည့်စိတ်ဖြင့် နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကိုယ် ရပ်တည်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားဘဝတွင် စတင်ခဲ့သည့် အခြေခံစိတ်ဓာတ်သည် အရေးကြီးကြောင်း၊ အရာရှိကောင်းများ ဖြစ်လာစေရေးအတွက် မိမိကိုယ်ကို

ယုံကြည် အားကိုးသည့် စိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုး ပြီး အောင်မြင်သည့် ဘဝကို ပိုင်ဆိုင်လိုသည့် စိတ်ဓာတ် များရှိရမည်ဖြစ်ကြောင်း၊ ယင်းအခြေခံစိတ်ဓာတ်များကို ယခု သင်တန်းသားဗိုလ်လောင်းဘဝကတည်းက မွေးမြူ သွားရန်လိုကြောင်း၊ သင်တန်းကာလ ခြောက်နှစ်တာ ကာလအတွင်း အင်ဂျင်နီယာပညာရပ်များ၊ လေ့ကျင့် ရေးဆိုင်ရာပညာရပ်များကို သင်ယူရသည် ဖြစ်သကဲ့သို့ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သည့်၊ ကိုယ့်အား ကိုယ်ကိုးတတ်သည့်၊ အဖွဲ့အစည်းနှင့် စည်းလုံးညီညွတ် စွာဆောင်ရွက်တတ်သည့် အခြေခံ အလေ့အကျင့်ကောင်း များကိုလည်း ဆက်လက်ထိန်းသိမ်းမွေးမြူသွားရန်လို ကြောင်း၊ လေ့လာမှုနှင့်ပတ်သက်၍ စာပေပညာရပ်များ၊ သင်ယူခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြင်ပဗဟု သုတ အသိပညာများကို မြှင့်တင်နိုင်သည့် စာအုပ်စာပေ များကိုလည်း လေ့လာဖတ်ရှုနေရန်လိုကြောင်း။

စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွား လာမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာဗဟုသုတများ

> အရာရှိကောင်းများ ဖြစ်လာစေရေးအတွက် မိမိကိုယ်ကို ယုံကြည်အားကိုးသည့် စိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်သည့် ဘဝကို ပိုင်ဆိုင်လိုသည့် စိတ်ဓာတ်များရှိရမည်ဖြစ်၊ စာပေပညာနှင့် အတွေ့အကြုံမှရသည့် ပညာရပ်များကို ပေါင်းစပ်သင်ကြားပေးမည်ဆိုပါက မိမိသင်ကြားမွေးထုတ်ပေးလိုက်သည့် သင်တန်းသားများသည် ပိုမိုထူးချွန်လာမည်ဖြစ်၊ အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်း ကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်း ဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်။

ကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာ အကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ပြောပြပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ရရှိနိုင် မည်ဖြစ်ကြောင်း၊ မြန်မာစကားပုံတွင် "ရေအသက် တစ် မနက်၊ ထမင်းအသက်ခုနစ်ရက်" ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲ အကျပ် အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် "ပညာ အသက်သည် ဘဝတစ်သက်" ဖြစ်ကြောင်း၊ သင်တန်းသား များ၊ နည်းပြများအနေဖြင့်လည်း မိမိတို့ ဘဝတိုးတက်ရေး အတွက် များစွာအထောက်အကူဖြစ်စေနိုင်သည့် စာပေ ဖတ်မှတ်လေ့လာခြင်း အလေ့အကျင့်ကို စဉ်ဆက်မပြတ် ကျင့်ကြံသွားရန် အလေးထားမှာကြားလိုကြောင်း။

**ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်**

နည်းပြများနှင့်ပတ်သက်၍ မိမိတို့ ဖြန့်ဝေသင်ကြား ပေးရမည့် ပညာရပ်များအား သင်တန်းသားများမှ အမှန် တကယ် တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း၊ မိမိတို့ သင်ကြားခဲ့ရသည့် စာပေအသိပညာ ဗဟုသုတများကို သင်ကြားပေးရမည်ဖြစ်သကဲ့သို့ တွေ့ကြုံဖြတ်သန်းခဲ့ရသည့်ဘဝအတွေ့အကြုံများကိုလည်း မျှဝေပေးရန်လိုကြောင်း၊ စာပေပညာနှင့် အတွေ့အကြုံ မှရသည့် ပညာရပ်များကို ပေါင်းစပ်သင်ကြားပေးမည် ဆိုပါက မိမိသင်ကြားမွေးထုတ်ပေးလိုက်သည့် သင်တန်းသားများသည် ပိုမိုထူးချွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်ကြားမှုများ ဆောင်ရွက်ရာတွင် စာအုပ်အတိုင်း သင်ကြားပေးသည်ထက် သင်တန်းသား များကို အမှန်တကယ် တတ်စေ၊ သိစေချင်သည့် စေတနာ ဖြင့် သင်ကြားပေးမည်ဆိုပါက မိမိတို့ သင်ကြားပေးလိုက် သည့် သင်တန်းသားများအနေဖြင့် ပိုမိုတတ်ကျွမ်းလာ မည်ဖြစ်ပြီး ဘဝတစ်လျှောက်လုံး အမှတ်ရနေမည်ဖြစ် ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ထက် အတွေ့အကြုံရှိသည့် နည်းပြများ၊ စီနီယာများ၏ သွန်သင် ဆုံးမမှုများကို စိတ်ပါဝင်စားစွာဖြင့် နာယူ၍ လိုက်ပါ ဆောင်ရွက်မည်ဆိုပါက ဘဝတိုးတက်မှုအတွက် အထောက် အကူပြုစေမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဆရာ

ဆရာမများ၏ သင်ကြားပေးမှုများကို စနစ်တကျဖြင့် သင်ယူကြရန်လိုပြီး လေ့ကျင့်ရေးပိုင်းတွင်လည်း စစ်စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတာဝန်ကျသည့်တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိတ်ဓာတ် စည်းကမ်းကောင်းမွန်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင်တန်းသားများ၏ စိတ်ဓာတ်များ ကောင်းမွန်စေရေး နည်းပြများအနေဖြင့် လေ့ကျင့်သား ပြည့်ဝအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်သည့် အရာရှိကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှု**

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်း ဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတွင် တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိဘဲ ခေါင်းဆောင်မှုကောင်းမွန်ရန်အတွက် မိမိကိုယ်တိုင်လေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းကာလအတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဆိုပါက စစ်ဘက်ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာ ပညာရှင်ကောင်းများ ဖြစ်ရန်အတွက်လည်း သက်ဆိုင်ရာ ပညာရပ်များအလိုက် စနစ်တကျ လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို စနစ်တကျလေ့ကျင့်ဆောင်ရွက်သွားရန်နှင့် နည်းပြ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်တန်းသားများကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

အရည်အချင်းပြည့်ဝသည့် တပ်မတော်အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် စတင်ရွေးချယ်စဉ်ကပင် သတ်မှတ်ချက်များနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးတို့အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ရန် များစွာရှိနေသေးကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ တိုးတက်စေရေးအတွက် အမြဲကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်များကို အမြဲမပြတ် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ လုပ်ရန်ရှိသည့် အလုပ်များကို အောင်မြင်အောင် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၃၀ - ၅ - ၂၀၂၄ )





နည်းပြများအနေဖြင့် မိမိတို့တတ်မြောက်သင်ကြားထားသော စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်သည့်၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ သင်တန်းသား အရာရှိငယ်၊ ဗိုလ်လောင်းများအနေဖြင့်လည်း စိတ်ဓာတ် ခံယူချက်ကောင်းစွာဖြင့် သင်ယူလေ့လာ၍ နိုင်ငံတော်နှင့် တပ်မတော်ကို ပြန်လည်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာ

ခဲ့ရပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**သင်တန်းသားတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စစ်တက္ကသိုလ်သည် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် အရာရှိကောင်းများကို မွေးထုတ်ပေးနိုင်ရေး အဓိကသင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး သင်တန်းနှစ်အလိုက် သတ်မှတ်ထားသည့် လေ့ကျင့်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကိုလိုက်နာ လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား တစ်ဦးချင်းစီအလိုက် မိမိကိုယ်ကိုယ် အားကိုးယုံကြည်သည့် စိတ်ဓာတ်များ ရရှိစေရေး၊ ကိုယ်ပိုင်အစွမ်းအစများဖြင့် အောင်မြင်သည့်ဘဝကို ဖြတ်သန်းနိုင်သောခိုင်မာသည့် စိတ်ဓာတ်များ ရရှိစေရေး နည်းပြများမှ မိမိတို့သင်ကြားခဲ့ရသည့် စာပေဗဟုသုတများ၊ ဘဝတစ်လျှောက်ကြုံတွေ့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများဖြင့် သင်ကြားလေ့ကျင့် ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများကို စွဲမြဲစွာမှတ်ယူ၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်ကိုယ် အားကိုးယုံကြည်သည့် စိတ်ခွန်အား၊ ခံယူချက်ကောင်းတို့ဖြင့် ဖြတ်သန်းကြရန်လိုကြောင်း။

**ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာဆောင်ရွက်**

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက် ချမှတ်ထားရှိပြီး အဆိုပါအချက်များနှင့် ချိန်ထိုး၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် လိုက်နာရန် လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကိုယ် ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဦးဆောင်ရသည့် လက်အောက် ငယ်သားများ၏ အကျိုးကို ဖော်ဆောင်နိုင်ရေး၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့် လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ် လေ့လာနေရန်လိုကြောင်း။

စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ပြီး တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသားများဘဝကတည်းကပင် မိမိကိုယ်ကိုယ် စည်းကမ်းတကျ နေထိုင်လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံး ကျင့်သုံးဆောင်ရွက် သွားကြရန်လည်းလိုကြောင်း၊

**စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ပြီး**
**တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက်**
**စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင်**
**အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်မည်ဖြစ်၊**
**တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝတိုးတက်**
**မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့်**
**အသိပညာဗဟုသုတကြွယ်ဝရန်လိုအပ်၊**
**မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ**
**အားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်။**

စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့ တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**အနာဂတ်တွင်အသိပညာကြွယ်ဝသည့်လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး**

ထို့ပြင် တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့် အသိပညာဗဟုသုတကြွယ်ဝရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်ချက်များ ရှိနေဆဲဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်မှုရှိစေရေး နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုပြီး ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကာ ဘဝတိုးတက်မြင့်မားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အသိပညာကြွယ်ဝခြင်းဖြင့် တစ်ဦးချင်းစီ၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

> အသိပညာကြွယ်ဝခြင်းဖြင့်
> တစ်ဦးချင်းစီ၏ လူနေမှုပုံစံ
> ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး
> အနာဂတ်တွင် အသိပညာကြွယ်ဝသည့်
> လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်
> နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်း
> ဆောင်ရွက်သွားကြရန်လို၊
> သင်ခန်းစာများကို အမှန်တကယ်
> တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင်
> ခေါင်းဆောင်မှု ကောင်းမွန်စွာပေးနိုင်ရန်၊
> စိတ်ဓာတ်ခိုင်မာ ကောင်းမွန်ရန်နှင့်
> နိုင်ငံတော်နှင့် တပ်မတော်က
> အားထားရသည့် ပြည်သူက အားကိုးသည့်
> အနာဂတ်ခေါင်းဆောင်များကို
> မွေးထုတ်ပေးနိုင်ရမည်ဖြစ်။

**ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ယူကြရန်လို**

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ရှိကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်ပါက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုယ်လည်း အလိုမလိုက်ရန်လိုကြောင်း၊ အရည်အချင်းနှင့် ပြည့်စုံသဖြင့် နည်းပြများ ဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျ သင်ကြားပေးစေလိုပြီး အနာဂတ် ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှု ကောင်းမွန်စွာပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့

ပေးထားသည့် အုပ်ထိန်းသူ Guardian အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကို၊ အစ်မ စိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ် ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့် ဦးဆောင်မှုနှင့် လမ်းညွှန်မှုများပေးနိုင်ရန်လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လိုကြောင်း။

နည်းပြများအနေဖြင့် ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ အဆင့်အလိုက် တက်ရောက်ရသည့် သင်တန်းများတွင် ကြိုးပမ်းအားထုတ်သင်ကြားကြရန်လိုကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက်၍ ပြည်သူက အားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင် တက်ရောက်ချိန်မှစ၍ အဆင့်လိုက် တက်ရောက်ရသည့်သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ဘဝ တိုးတက်ရေး၊ နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကိုယ်စောင့်ထိန်း၍ ပညာကိုကြိုးပမ်းသင်ကြားကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၃၀ – ၅ – ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မေလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းကတည်ရှိခဲ့သည့် မြို့ဖြစ်ပြီး သမိုင်းဝင်အဆောက်အအုံများစွာလည်းရှိကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသဖြင့် အဆိုပါအင်္ဂါရပ်များနှင့် ကိုက်ညီရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ ပြည်တွင်း ပြည်ပခရီးသွားများ စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါ ဖြစ်ပေါ်ခဲ့ချိန်တွင် လာရောက်မှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်တွင်းခရီးသွားများ ပြန်လည်များပြားလာကြောင်း၊ အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏ အလှအပကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ယခင်က ပြင်ဦးလွင်

မြို့သည် အေးမြသည့်မြို့တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကြောင့် ရာသီဥတု ပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာသည်ကိုတွေ့ရ ကြောင်း၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာခြင်းမှာ လူများ၏ လုပ်ဆောင်မှုများကြောင့်လည်းပါဝင်ပြီး လူများ ကြောင့်ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီး ဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ် ကြောင်း။

ယခင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်း ကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝ ရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန် နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင် ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုး ကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက် မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက် ရေနုတ် မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ၊ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည် စီးဝင်လာခဲ့ပြီး ယခုအခါ ကန်တော်ကြီးအတွင်း ရေများ လုံလောက်စွာ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမှာ လူများကပင် ပြုလုပ်ခြင်းဖြစ် ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသ ပြန်လည်စိမ်းလန်း သာယာရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် ပြုပြင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

> ဒေသနှင့်ကိုက်ညီသည့်
> သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုး
> ထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများ
> ကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝ
> ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်၊
> မြစ်ချောင်းများအတွင်း ရေများ
> ပုံမှန်အတိုင်း ဝင်ရောက်လာမည်ဆိုပါက
> စိုက်ပျိုးရေများ လုံလောက်စွာရရှိမည်ဖြစ်
> သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကို
> လည်း ဆောင်ရွက်နိုင်မည်ဖြစ်။

အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင်သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွား ရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည် စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ရှိ လူနေရပ်ကွက်များတွင်လည်း ရှိသင့်ရှိထိုက်သည့် သစ်ပင် များ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် သဘာဝကိုထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ နှင့်အညီဖြစ်ရန်လို**

မြေယာဥပဒေအရ စိုက်ပျိုးရန် ခွင့်ပြုထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်း များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ် ထိန်းသိမ်းနေရန်လိုကြောင်း၊ လယ်ယာစိုက်ပျိုးမြေများ နှင့်ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရေး တာဝန်ရှိသူများ အနေဖြင့် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်လို ကြောင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များ ရှိခဲ့ခြင်းကြောင့် သစ်ပင်သစ်တောများပြုန်းတီးခြင်းနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ လျော့ပါးသွားသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ပြင်ဦးလွင် မြို့တွင်သာမဟုတ်ဘဲ ဒေသတွင်းရှိအခြားမြို့များတွင်လည်း သစ်ပင်များစိုက်ပျိုးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ပင်သစ်တောများ ပြန်လည်ကောင်းမွန်လာပြီး ရာသီ ဥတုများ ကောင်းမွန်လာမည်ဆိုပါက မြစ်များ၊ ချောင်းများ အတွင်း ရေများ ပုံမှန်အတိုင်း စီးဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မြစ်ချောင်းများအတွင်း ရေများပုံမှန်အတိုင်း ဝင်ရောက် လာမည်ဆိုပါက စိုက်ပျိုးရေများ လုံလောက်စွာရရှိမည် ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း

ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကော်ဖီစိုက်ပျိုးမှုမြှင့်တင်နိုင်ရေး**

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကော်ဖီစီမံကိန်းသည် လွန်ခဲ့သည့်နှစ် ၂၀ ကျော်က စတင်ခဲ့သည့် နိုင်ငံတော် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများ အသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လို ကြောင်း၊ ကော်ဖီများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန် အတွက်လည်း တာဝန်ရှိသူများအနေဖြင့် လိုအပ်သည် များကို ကြပ်မတ်ဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ကော်ဖီ စိုက်ပျိုးရန် ခွင့်ပြုထားသည့် မြေများတွင် လူနေအိမ်များ ဆောက်လုပ်ခြင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေကြောင်း၊ စီမံကိန်းနေရာများတွင် သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ကော်ဖီ စိုက်ပျိုးမှု လုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိသဖြင့် အချို့ ကော်ဖီစိုက်ပျိုးခြံများကို အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေး ကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ ထုတ်ကုန် တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည် အသွေးကောင်းမွန်သည့်ကော်ဖီကုန်ကြမ်းများအရေအတွက် များများ ထွက်ရှိစေရေး စိုက်ကေအလိုက် အပြည့်အဝ စိုက်ပျိုး၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက် ရန်လိုကြောင်း၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးအတွက်များစွာအထောက် အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက် သွားရန်လိုကြောင်း။

> **မိမိတို့ နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ ထုတ်ကုန် တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ် သွားနိုင်ရန်လိုပြီး အရည်အသွေး ကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများ ထွက်ရှိစေရေး စိုက်ကေအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ရန်လို။**

**ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ရေး၊ သာယာ လှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**

ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ် လိုဖွယ် ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွား မြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင် အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရ မည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာ ကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို အထောက်အကူ ဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီဖြစ်ရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို အောင်ချက်ကောင်း ရန်သာမဟုတ်ဘဲ ပညာတတ်မြောက်အောင် သင်ကြား ပေးသည့် ကျောင်းများဖြစ်စေလိုကြောင်း။

ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်း သာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လို ကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာန အလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေး ရမည်ဖြစ်ကြောင်း၊ မြို့တွင်းရေစီးရေလာများ ကောင်းမွန် စေရေးအတွက်လည်းအမှိုက်များကင်းစင်အောင်ဆောင်ရွက် သကဲ့သို့မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ကောင်းမွန် အောင် ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစား တွေးခေါ်ဆောင်ရွက်ရန် လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေး အတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ယခင် နှစ်များ၌ မိုးသည်းထန်စွာရွာသွန်းစဉ် ရေကြီးရေလျှံမှု

များဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့နှင့် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ ကိုယ်တိုင် သွားရောက်၍ လိုအပ်သည့် လမ်းညွှန်မှုများ ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုများ လျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြင်ဦးလွင်မြို့ သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့၏ မူလပန်းမျိုးများကို ပြန်လည်ထိန်းသိမ်း စိုက်ပျိုးသွားရန်လိုပြီး ပန်းမြို့တော်ဟူသောအမည်နှင့် ကိုက်ညီအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူနေရပ်ကွက်များ၊ လူနေခြံများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ပန်းများစိုက်ပျိုးကြရေး တိုက်တွန်းနှိုးဆော်သွားရန်လိုကြောင်း၊ မူလအခြေအနေအတိုင်း ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ တောင်လေ့ကားမြို့တော်ဟူသည့် သဘာဝအရ ပေးထားသည့် နာမည်များနှင့် ကိုက်ညီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်တွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့ နေထိုင်သည့်မြို့ သာယာလှပရေးအတွက် အသိဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့တွင် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများ ရှိပြီးဖြစ်သဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရသည့် နို့ဆီ၊ နို့စိမ်းများစွာ လျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များ ကူညီပေးမည်ဖြစ်သကဲ့သို့ မိမိတို့ အစီအစဉ်ဖြင့် ဆောင်ရွက်၍ ရသည်များကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် နာမည်ပေါင်းများစွာ၊ ဂုဏ်ဒြပ်များစွာရှိသည့် မြို့တစ်မြို့ဖြစ်ပြီး မိမိတို့အနေဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်သည် ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာ

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁ - ၅ - ၂၀၂၄ )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

ယနေ့မေလ ၁ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့် အဓိပ္ပာယ်ပြည့်ဝသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံအတွက် မရှိမဖြစ်အရေးပါသော အဓိကအင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြီးပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကမ္ဘာ့နိုင်ငံများတွင် ကမ္ဘာ့အလုပ်သမားများကို လုပ်အားတန်ဖိုးမြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာ ခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် နေ့ထူးနေ့မြတ်အဖြစ် နှစ်စဉ်ဂုဏ်ပြုကျင်းပကြခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား အားပေးမြှင့်တင် ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာယ၊ ဉာဏစွမ်းအားဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံတော်၏ အရေးပါသည့် အင်အားစုကြီးဖြစ်သော အလုပ်သမားကြီးများအား အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် ဤသဝဏ်လွှာကို ဂုဏ်ယူဝမ်းမြောက်စွာ ပေးပို့အပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများဖြစ်သည့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်လုပ်သားများ ရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတွင်း၌သာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်၍ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများ တည်ထောင်နိုင်ရေး အားပေးကူညီခြင်း၊ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ Skill Labour များရရှိရန် ပညာရေးကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်သားအင်အားကို အခြေပြုသည့် အထည်ချုပ်လုပ်ငန်းများသည် နိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ဖြည့်စွမ်းပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍများ အောင်မြင်စေရန်၊ ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် အခွင့်အလမ်းကောင်းများစွာ ရှိပြီးဖြစ်သည့်အတွက် ယင်းအခွင့်အလမ်းကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချ၍ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု

တိုးတက်ရေး၊ ပြည်ပမှ ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစု၏ စွမ်းဆောင်မှုသည် အဓိကဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အား၊ ဉာဏ်အားရှိသရွေ့ အစွမ်းကုန် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်ရာ တွေ့ရှိရပါသည်။

ပြည်တွင်းထုတ်ကုန် တိုးမြှင့်ရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန် အသိအမှတ်ပြုမှုနှင့် သဟဇာတဖြစ်မှုတို့ လိုအပ်ပါသည်။ ထိုသို့ညှိနှိုင်းဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့တို့ကို အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် အစိုးရ ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပြီး အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျအသုံးချနိုင်ရန် ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများလက်မှတ်ရေးထိုး၍ အလုပ်သမားများကို စေလွှတ်ပေးလျက်ရှိပါသည်။ ထိုကဲ့သို့ အလုပ်သမားအများစု သွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေး၍ ပြည်ပရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်၏ အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည် ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း (၆၄) ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီး တို့ဖြင့် အလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ အလုပ်သမားကြီးများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက် ပေးရာတွင် လုပ်ငန်းစီမံခန့်ခွဲသူများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေအပေါ် အလေးထားမှု၊ ကိုယ်စီစည်းကမ်းလိုက်နာမှုတို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် ASEAN Occupational Safety and Health Network ASEAN–OSHNET တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နည်းလမ်းကောင်းနှင့် ရလဒ်ကောင်းများ ဖော်ထုတ်

နိုင်စေရန် မျှော်မှန်း၍ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးလျက်ရှိရာ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြပါသည်။

လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်လာစေရေး အတွက် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် မိမိတို့ လုပ်ငန်းခွင်အတွင်း အလုပ်သမားရေးရာနှင့် ပတ်သက်သည့် အငြင်းပွားမှုများအား လုပ်ငန်းခွင်အတွင်း၌ ကနဦး ဆွေးနွေး ညှိနှိုင်းခြင်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့် ဆွေးနွေးညှိနှိုင်းခြင်း တို့ကြောင့် ရေရှည်တွင် လုပ်ငန်းခွင် ဆက်ဆံရေး ကောင်းမွန် စေခြင်းသာမက ကုန်ထုတ်လုပ်မှု တိုးတက်ပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာရေး၊ ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွား မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားကြီးများက နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းပါကြောင်းနှင့် ပြည်သူတိုင်းက ထာဝစဉ်တန်ဖိုးထားသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-18-5